# ဒိုက်ဦးမြို့ နှင်းသီ ကျေးရွာက နှင်းဆီနီ(သို့မဟုတ်) ရဲဘော်တိုက်မောင်း



- ပါးရိုးနားရိုးကျကျ
အသားကဖြူဖြူ
လူမြင်ရင်ချစ်ခင်လေးစားဖွယ်ရာ
သူတော်စင်တပါးလို
ကိုယ်ကျင့်တရားကလည်းစံပြ
သူက
ကဗျာဆရာလည်းဖြစ်သလို
စစ်အာဏာရှင်တွေကိုဆန့်ကျင်တဲ့
လက်နက်ကိုင်တော်လှန်ရေးသမားလည်းဖြစ်တယ်
အမြဲစွန့်လွှတ်အနစ်နာခံဖို့အသင့်ရှိနေသူလည်းဖြစ်တယ်... ။

- ကိုမင်းအောင်
တိုက်မောင်း
ရဲထိန်
ဒီရဲ
ဗိုလ်တိုက်
ကေကေးဇံ
(ကျနော်တို့က တခါတရံ ချစ်မြတ်နိုးစွာ ဘဲချီးလို့ခေါ်တယ်)
ဒိုက်ဦးမြို့နယ် နှင်းသီကျေးရွာ ဇာတိဖွား
တောသား
မွေးချင်းငါးဦးမှာ
အကြီးဆုံးသားကြီး ဩရသ
ဘဝက ဆင်းရဲချို့တဲ့ပေမယ့်
ဘွဲ့ရခေတ်ပညာတတ်
ကျောင်းဆရာ ဖြစ်တယ်
သပိတ်ခေါင်းဆောင်လည်းဖြစ်တယ်
တောခိုကျောင်းသားခေါင်းဆောင်လည်းဖြစ်တယ်
တိုင်းချစ်ပြည်ချစ်စိတ်ရှိသူလည်းဖြစ်တယ်
သိပ်ပြီး သဘောထားမှန်ကန်သလို
ရိုးသားထက်မြက်သူလည်းဖြစ်တယ်
သွက်သွက်လက်လက်နဲ့တက်ကြွမှုရှိသလို
အသက်သေသည်အထိတာဝန်များကျေတယ်
သေရဲတိုက်ရဲ အနိုင်ယူရဲသူလည်းဖြစ်တယ်....။

-ကျောင်းသားတပ်မတော်(၆၀၁)ရဲ့ တပ်ခွဲမှူး
တပ်ရင်းမှူး
ကျနော်တို့အားလုံးက သေချာရွေးချယ်ထားတဲ့
ညီလာခံကိုယ်စားလှယ်

ကျနော်တို့အားလုံးက
ဖခင်တဦးလို
ခေါင်းဆောင်တဦးလို လေးစားယုံကြည်တယ်
သူရှိနေရင်"လုံခြုံစိတ်ချရတယ်"လို့ခံစားရတယ်...။

-"မခင်သီနှင့် ချီတက်ခြင်း"
"ငှရင်ပြင်"၊ "ပုရစ်တွေ"
"ရဲရင့်ခြင်းလေ့"
"ကုလားထိုင်စိုက်ပျိုးရေး".......စတဲ့ကဗျာများအပါအဝင်
ကဗျာများစွာကိုရေးနေရင်း
စစ်ခင်းနေရင်း
ကျဆုံးတယ် ......။

- သံလွင်မြစ်ကမ်းဘေးမှာ
ရိက္ခာပြတ် ရေပြတ်
ဒုက္ခတွေအထပ်ထပ်နဲ့ ကျနော်တို့ ကြုံတွေ့ခဲ့ရတုံးက
အပြုံးမပျက်
သေနတ်တလက်ကိုင်ရင်း
ရဲဘော်(၇၀)ခန့်ရှိတဲ့ အင်အားကို
တည်တည်ကြည်ကြည်နဲ့ ဦးဆောင်ပြတယ်
ကျနော်တို့ မျက်ရည်ကျရသည်အထိ စွန့်လွှတ်အနစ်နာခံတယ်
အငတ်ခံပြီး ကျနော်တို့ကို ကျွေးတယ်
ဖခင်က သားသမီးတွေကို ပြုစုသလို ပြုစုတယ်....။

-ကျနော်တို့ အောက်ခြေရဲဘော်တွေနဲ့အတူ ချီတက်တယ်



အတူတိုက်ပွဲ ဝင်တယ်
အမြော်အမြင် ရှိတယ်
ရည်မှန်းချက် ကြီးတယ်
သွန်သင် ညွှန်ပြတတ်တယ်
စံပြဖြစ်အောင် နေပြတယ်
ကျနော်တို့က သူ့ကို ချစ်တယ်
သူ့လို လူမျိုးများစွာ ရှိရင်
စစ်ကျွန်အောက်က လွတ်မြောက်တာကြာပေါ့...။

- ကံကြမ္မာကြောင့်လား
ကံဇာတာကြောင့်လား
သေမင်းတရားကြောင့်လား
ဘာကြောင့်မှန်းမသိ
သူကျဆုံးသွားတော့
ကျနော်တို့မှာ
မဟာတံတိုင်းပြိုလဲ
ဖရိုဖရဲဖြစ် စိတ်ပျက်လက်ပျက်ဖြစ်ခဲ့
ကျနော်တို့ ရဲဘော်အားလုံးထိခိုက်ခဲ့
တော်လှန်ရေးတခုလုံးထိခိုက်ခဲ့
ခေါင်းဆောင်မှုထိခိုက်ခဲ့......။

- သစ်တပင်ကောင်းက ငှက်တသောင်းနားနိုင်တဲ့
တယောက်ကောင်းက တသောင်းမိုလ်ခြေ ညက်ညက်ကြေတဲ့
သူ့လိုလူတွေနည်းခဲ့ရတော့
ကျနော်တို့လည်းနည်းခဲ့ရတယ်.............။

- ၁၉၉၅ ခုနှစ်
ဧပြီ(၂၆)ရက်မှာ သူကျဆုံးတယ်
တော်လှန်ရေးကျဆုံးတယ်
ရဲဘော်တွေကျဆုံးတယ်
နယ်မြေတွေကျဆုံးတယ်
စခန်းတွေကျဆုံးတယ်
အတွေးအခေါ်တွေကျဆုံးတယ်
အမြော်အမြင်တွေကျဆုံးတယ်
သစ္စာတရားတွေကျဆုံးတယ်
ခေါင်းဆောင်ကောင်းတွေကျဆုံးတယ်
နောက်တော့.....
လူတွင်ကျယ်တွေ တိုးပွားလာတယ်
အချောင်သမားတွေ လက်ခမောင်းခတ်လာတယ်
ဒေါင်းယောင်ဆောင်တဲ့ ကျီးတွေ နီးထလာတယ်
"အတု"တွေနဲ့ဆင်ယင်လာတယ်
"အတု"တွေပဲ ခေတ်စားလာတယ်
"အတု"တွေပဲ ဟန်ဆောင်ဖွဲ့ဆို လုပ်ကိုင်လာတော့တာပါပဲ...။

- အဲဒီနေ့က
တော်လှန်ရေးလက်မှိုင်ချတဲ့ နေ့ပေါ့
ကိုမင်းအောင်ရေ.....
မခင်သီနှင့်အတူချီတက်ရင်း
မြန်ပြည်အနှံ့ ခရီးဆန့်နေစေတော့
သန့်ရှင်းတဲ့ ဝိဉာဉ်တွေကို မျှဝေစေတော့
ရှင်ပြန်ထမြောက်စေတော့
ဘဝမှာ
အတူလာဆုံတွေ့ရခိုက်
အဲဒီအခိုက်အတန့်ကာလတွေမှာ
ခင်ဗျားဟာ
ကျနော်တို့ရဲ့
သင်ဆရာ၊မြင်ဆရာ
ကြားဆရာဖြစ်တယ်
ခေါင်းဆောင်ဖြစ်တယ်
"စံပြ"ဖြစ်တယ်
အစစ်ဖြစ်တယ်
ကျနော်တို့ရဲ့ ရဲဘော်ဖြစ်တယ်
ချစ်ခင်မြတ်နိုးနေရတာကတော့
ကိုတိုက်မောင်းရေ......
ပြောမပြနိုင်အောင်ပဲပေါ့........။

ဗဆန်းဇော်

(၁၉၉၅-ခုနှစ်၊ဧပြီလ(၂၆)ရက်တွင် ကျဆုံးသွားသော ကျောင်းသားတပ်မတော်မှ ရဲဘော်တိုက်မောင်းအတွက် ဂုဏ်ပြု ကဗျာ)